# ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ထုတ်ဝေသော အစီရင်ခံစာအသစ် ကချင်မူးယစ်ဆေးဝါးပြဿနာကို ပိုမိုကြီးထွားစေသည့် မြန်မာစစ်အစိုးရ နည်းဗျူဟာများ

ရက်စွဲ- ၈ အောက်တိုဘာ ၂၀၁၄ ခုနှစ်

ဤအစီရင်ခံစာသစ်သည် မြန်မာစစ်တပ်၏ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ကို နှိမ်နင်းရေး နည်းဗျူဟာများကြောင့် အထူး သဖြင့် ၂၀၁၁ ခုနှစ်အတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ပဋိပက္ခ ပြန်လည် စတင်ဖြစ်ပွား သည့်အချိန်မှစ၍ ကချင်ဒေသများတွင် မူးယစ်ဆေးဝါးပြဿနာများ ပိုမိုကြီးထွားလာသည့် အခြေအနေများ ကို ဖော်ပြထားသည်။

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ထုတ်ဝေသည့် "အသံတိတ် ထိုးစစ်" အစီရင်ခံစာ သည် မြန်မာစစ်တပ်မှ ကချင်ပြည်နယ်တွင်းရှိ ၄င်း၏ ပြည်သူ့စစ်များအား KIA အား ဆန့်ကျင်တိုက်ခိုက် ရန်အတွက် တဖက်တွင် ဘိန်းစိုက်ပျိုးခွင့်ပြုထားပြီး ဘိန်းဖြူနှင့် အခြားမူးယစ်ဆေးဝါးများကို ထုတ်လုပ်ခွင့် ပြုထားသည့် အနေအထားများကို ဖော်ထုတ်တင်ပြထားသည်။ မြန်မာစစ်တပ်နှင့် ၄င်း၏ မဟာမိတ်များမှ ကချင်ဒေသများအား တစတစ သိမ်းနိုင်သည်နှင့်အမျှ မူးယစ်ဆေးဝါးထုတ်လုပ်မှုသည်လည်း ပိုမိုတိုးမြင့်လာ သည်။

ယခုလက်ရှိ ကချင်ပြည်နယ်အတွင်း အဓိက ဘိန်းစိုက်ပျိုးသော ဒေသများမှာ မြန်မာစစ်တပ်နှင့် ၄င်းတို့ဖွဲ့စည်းထားသော အမျိုးသားလွတ်တော်အမတ် ဇခုန်တိန်ယိန်း ဦးစီးသည့် နယ်ခြားစောင့်တပ် တို့၏ ထိန်းချုပ်နေရာဖြစ်သည့် ချီဖွေနှင့် ပိုင်းမော်မြို့ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းဒေသတွင်လည်း မြန်မာစစ်တပ်နှင့် အစိုးရပြည်သူ့စစ်အဖွဲ့ ၁၃ ဖွဲ့တို့၏ ထိန်းချုပ်နယ်မြေအတွင်း ဘိန်းစိုက်ပျိုးမှုမှာ မြင့် မားလျှက်ရှိသည်။ ထိုအစိုးရပြည်သူ့စစ်အဖွဲ့များထဲမှ ၄ ဖွဲ့၏ ခေါင်းဆောင်များမှာ ရှမ်းပြည်နယ် အမျိုးသား လွှတ်တော်အမတ်များဖြစ်သည်။

ဘိန်း၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြား များမှာ အစိုးရထိန်းချုပ်နေရာများမှတဆင့် ကချင်လူမှုအသိုင်းအဝိုင်း အတွင်းသို့ အမြောက်အမြား ဝင်ရောက်လာပြီး ရှိရင်းစွဲ မူးယစ်ဆေးဝါး သုံးစွဲမှု ပြဿနာ၊ အထူးသဖြင့် လူငယ်များအကြား သုံးစွဲမှုပြဿနာအား ပိုမိုဆိုးဝါးစေသည်။ ခန့်မှန်းခြေအားဖြင့် မြစ်ကြီးနားနှင့် ဗန်းမော် တက္ကသိုလ်များရှိ ကျောင်းသားများ၏ သုံးပုံတစ်ပုံမှာ မူးယစ်ဆေး ထိုးသွင်းသုံးစွဲသူများဖြစ်ကြသည်။

ဤအစီရင်ခံစာသည် မူးယစ်ဆေးစွဲနေသည့် လင်ယောကျ်ားနှင့် သားများမှ မူးယစ်ဆေးဝယ်ရန်အတွက် အိမ်တွင်းပစ္စည်းများ ခိုးယူရောင်းချနေချိန်တွင် ၄င်းတို့၏ မိသားစုကို ထောက်ပံ့ရန်အတွက် ရုန်းကန်နေကြ ရသည့် အမျိုးသမီးများအပေါ် မူးယစ်ဆေးဝါးပြဿနာ၏ ဆိုးကျိုးသက်ရောက်မှုများကို အသေးစိတ် ဖော်ပြထားသည်။ အာဏာပိုင်များမှ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းမှုမရှိသည့်အပေါ် စိတ်ပျက်သော ကြောင့် အမျိုးသမီးများသည် ဒေသခံ လူမှုအသိုင်းအဝိုင်းအတွင်း ဦးဆောင်ကာ မူးယစ်ဆေးဝါးတိုက်ဖျက် ရေးအတွက် ၄င်းတို့ကိုယ်ပိုင် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

KWAT အနေဖြင့် UNODC နှင့် အခြားသော နိုင်ငံတကာအလှူရှင်များအား စစ်ဖြစ်နေသည့် အခန်းကဏ္ဍ အား အထူးသဖြင့် မြန်မာနိုင်ငံတွင်း မူးယစ်ဆေးဝါးပြဿနာအား ပိုမိုကြီးထွားစေသည့် အစိုးရ၏ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ကို နှိမ်နင်းရေး မူဝါဒများအား အဓိကထား အာရုံစိုက်မှု မရှိသည့်အပေါ် ရှုတ်ချသည်။ သက်ဆိုင်ရာ အာဏာပိုင်များ၊ အဖွဲ့အစည်းများ အားလုံးအနေဖြင့် မူးယစ် ဆေးဝါးပြဿနာ ဖြေရှင်းရေးကို အရေးပေါ် ဦးစားပေး လုပ်ဆောင်ချက် တရပ်အဖြစ် အဓိက အာရုံစိုက်လုပ်ဆောင်ရန် KWAT မှ တောင်းဆိုလိုက်ပါသည်။

"ကချင်ပြည်သူတွေရဲ့ အနာဂတ်က ပျောက်ဆုံးမယ့်အနေအထားရောက်နေတယ်။ အရမ်းနောက်မကျသေးခင် ကျမတို့အနေနဲ့ ဒီ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဖို့ ချက်ချင်းလုပ်ဆောင်ဖို့လိုတယ်။" ဟု KWAT မှ ရှယ်လီဆိုင်းမှ ပြောသည်။


ဆက်သွယ်ရန်။
ရှယ်လီဆိုင်း + ၆၆ (၀) ၈၆ ၉ ၂၃ ၈၈၅၄
မွန်းနေလီ *+၁ ၉ ၂၉ ၂၆၁ ၂၆၄၇*

Email: kwat.secretariat@gmail.com
Website: www.kachinwomen.com


*ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) သည် ကချင်အမျိုးသမီးများအရေးလုပ်ဆောင်နေသော လူမှုအဖွဲ့အစည်းတရပ်ဖြစ်သည်။ မိမိတို့သည် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်အသီးသီးရှိ ဆုံးဖြတ်ချက်ချသော နေရာများတွင် ပါဝင်ဆုံးဖြတ်နိုင်ရန် အမျိုးသမီးများအားလုံး စွမ်းရည်မြင့်မားပြီး ကချင်ကလေးငယ်များအားလုံးမှာလည်း ၎င်းတို့၏ စွမ်းရည်များကို ဖြည့်စွမ်းနိုင်မည့်အခွင့်အလမ်းရှိ၍ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်သော ကချင်ပြည်နယ်တခု ဖြစ်ပေါ်လာရေးအတွက် မျှော်မှန်းသည်။*